**ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်**

**ALL BURMA FEDERATION OF STUDENT UNIONS**

# နိုင်ငံအဝှမ်း မတရားဖမ်းဆီးခံ ရဲဘော်များကြုံတွေ့နေရသော ထောင်တွင်း ဖိနှိပ်မှုများနှင့် စပ်လျဉ်းသည့် သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ ။ ။ ၂၃၊ ၇၊ ၂၀၂၁ (သောကြာနေ့)။

ဗမာနိုင်ငံလုံးဆိုင်ကျောင်းသားသမဂ္ဂအဖွဲ့ချုပ်၏ ဗဟိုအမှုဆောင်အဖွဲ့ဝင် ကိုဇော်ထက်နိုင်(ခ)ဆစ်နိုင် အပါအဝင် တခြားရဲဘော်များသည် ထောင်အတွင်း အစာငတ်ခံဆန္ဒပြမှုများကို ဦးဆောင်မှုကြောင့် အင်းစိန်ထောင်၊ သီးသန့်တိုက် အတွင်းတွင် မတရား တိုက်ပိတ်ခံထားရကြောင်းသိရှိရသည်။ ယနေ့၌ အင်းစိန်ထောင်နှင့် တခြားထောင်အချို့တွင် **ထောင်အတွင်းကျန်းမာရေး ထောက်ပံ့မှုမရှိခြင်း၊ ထောင်ဝင်စာ ပိတ်ပင်ခြင်းနှင့် တခြားဖိနှိပ်မှုများကြောင့်** အကျဉ်းထောင် ဝန်ထမ်းများအပါအဝင် ဆန္ဒပြခဲ့ကြောင်းသိရှိရသည်။

လက်ရှိကာလ၌ နိုင်ငံ့အဝှမ်း ထောင်အသီးသီး၊ စစ်ကြောရေးအသီးသီးတွင် မတရားဖမ်းဆီးခံထားရသော ကျောင်းသား၊ ပြည်သူ၊ ရဟန်းသံဃာတို့သည် စစ်အာဏာရှင်စနစ်၏ မတရား ညှင်းပန်းနှိပ်စက်မှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ လူမဆန်သော ဖိနှိပ်မှုများကိုသာမက Covid-19 ကပ်ရောဂါဒဏ်ကိုပါ မည်သည့် ဆေးဘက်ဆိုင်ရာ အထောက်အပံ့ တစုံတရာမှ မရရှိဘဲ အလူးအလဲခံနေရကြောင်း သိရှိရသည်။ ကျန်းမာရေးအထောက်အပံ့ မရရှိမှုကြောင့် မတရားဖမ်းဆီးခံ နိုင်ငံရေးအကျဉ်းသားများလည်း အသက်သေဆုံးနေရပြီဖြစ်သည်။

ထောင်အတွင်းရှိ ဖမ်းဆီးခံရဲဘော်များ၏ ဤကဲ့သို့ စစ်အာဏာရှင်များကို အညံ့မခံ ဆန့်ကျင်အံတုမှုများသည် စစ်အာဏာရှင်များအတွက် တုန်လှုပ်စရာကောင်းသော လှုပ်ရှားမှုများဖြစ်သည်။ ရန်သူဖိနှိပ်မှုယန္တရားအောက်ရောက်နေသည့် ရဲဘော်များ၏ လေးစားဖွယ်တိုက်ပွဲများသည် ဗကသများအဖွဲ့ချုပ်၏ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုများကို ပိုမိုအရှိန်မြင့်လုပ်ဆောင်ရန် တွန်းအားဖြစ်စေပြီး ရန်သူစစ်အုပ်စုကို နည်းလမ်းပေါင်းစုံဖြင့် ဆက်လက်တိုက်ပွဲဝင်ရန် လမ်းညွှန်ပြသနေပေသည်။ ဤကဲ့သို့ မတရားဖိနှိပ်မျိုးစုံကို ကြုံတွေ့နေရသော မတရားဖမ်းဆီးခံ နိုင်ငံရေးအကျဉ်းသားများအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ မိမိတို့ တာဝန်ယူထားသော ကဏ္ဍအလိုက် ထိထိရောက်ရောက် ဆောင်ရွက်ကြပါရန် အလေးအနက်ထား တိုက်တွန်း အပ်ပါသည်။

**စစ်အာဏာရှင်စနစ်ကို ရရာနည်းဖြင့် ချေမှုန်းကြ။**

**စစ်အာဏာရှင်စနစ် မုချ ကျဆုံးရမည်။**

**ဗဟိုအမှုဆောင်အဖွဲ့**
**ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်**

cec.abfsu@gmail.com